အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာ၊ သံယုတ်အဋ္ဌကထာ။
ဓုကနိပါတ်။ ဝါလာဟကဇာတ်။ လောကပညတ္တိကျမ်း။
သဂတိဒီပနီကျမ်း။
ရွှေတိုးဂါမံချီမြင်းကြွန်လက်ခရင်း။
ဇင်းအဖြေကျမ်း။ ဇင်းပါဠိနိသျ။
အဿကြန္တမြင်းကျမ်း။ အဿဒီပနီမြင်းကျမ်း။
ဗွယ်ရုံကျောင်ထင်ကျမ်း။ ကပိလက္ခဏာ ဒီပနီကျမ်း။
စသည်တို့ကိုအမှီပြုပြီးလျှင်၊
မြင်းရုပ်ပုံနှင့်တကွ၊ ရေးသားဘော်ပြအပ်သော။

# မြင်းလက္ခဏာကျမ်း။


စီစဉ်ပုံနှိပ်သူ။

ဦးကျော်ရန်-A.T.M.။ မန္တလေးမြို့။

ပဌမနှိပ်ခြင်းစာအုပ်ရေ-၂၀၀၀။
——o——
S.P.B.Press, Mandalay.

၁၉၁၇-ခု၊ ဒီဇင်ဘာလ။

အဘိုး-၄-ပဲ။



| နံပါတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မြင်းဟူသောဝေါဟာရပညတ်ကိုပြဆိုခြင်း အကြောင်း | ၁ |
| ၂။ | မြင်းတို့၏အမျိုးဇာတ်ကိုပြဆိုခြင်းအကြောင်း | ၂ |
| ၃။ | မြင်းကောင်းမြင်းမြတ်တို့၏အပြားကိုပြဆိုခြင်း အကြောင်း | ၄ |
| ၄ | မြင်းဆိုးမြင်းယုတ်တို့၏အင်္ဂါလက္ခဏာများကိုပြဆို ခြင်းအကြောင်း | ၁၁ |
| ၅ | အမွေး၏အပြားကိုပြဆိုခြင်းအကြောင်း | ၁၂ |
| ၆ | အမွေးကြီးငါးပါးကိုပြဆိုခြင်းအကြောင်း | ၁၂ |
| ၇ | အမွေးဖွဲ့ကိုပြဆိုခြင်းအကြောင်း | ၁၄ |
| ၈ | အသားဖွဲ့ကိုပြဆိုခြင်းအကြောင်း | ၁၆ |
| ၉ | အရိုးဖွဲ့ကိုပြဆိုခြင်းအကြောင်း | ၁၇ |
| ၁၀ | အထွေထွေဖွဲ့နှင့်စပ်၍ပြဆိုခြင်းအကြောင်း | ၁၈ |
| ၁၁ | ဖွဲ့ဟုခေါ်ခြင်းအကြောင်း | ၁၉ |
| ၁၂ | အထူးဖြစ်သောဖွဲ့တို့ကိုပြဆိုခြင်းအကြောင်း | ၁၉ |
| ၁၃ | အထူးဖြစ်သောလက္ခဏာတို့ကိုပြဆိုခြင်းအကြောင်း | ၁၉ |
| ၁၄ | မြင်းကောင်း၏လက္ခဏာများကိုပြဆိုခြင်းအကြောင်း | ၂၀ |
| ၁၅ | ရွှေတိုးဂါမံမြင်းကြန်ကျမ်းရင်းနှင့်၊ အသဿကြန္တမြင်းကျမ်း အထွက်။ မြင်းတို့၏အသက်ကိုပြဆိုခြင်းအကြောင်း | ၂၂ |
| ၁၆ | အဿဒိပနီမြင်းကျမ်းအထွက်။ မြင်းတို့၏အသက်ကို ပြဆိုခြင်းအကြောင်း | ၂၃ |
| ၁၇ | နေ့နံအလိုက်စီးအပ်သောမြင်းကိုပြဆိုခြင်းအကြောင်း | ၂၃ |
| ၁၈ | ပြုပြုဆွတ်ဆွတ်မြင်းဖေါင်းဝတ်။ သင့်မြတ် ဘယ်နေ့ သွားတို့နည်းဟူသော အမေးပုစ္ဆာအရ။ စွယ်ရုံ ကျော်ထင်ကျမ်း၌ ပါလာသော အဖြေဝိသဇ္ဇနာ လင်္ကာကိုပြဆိုခြင်းအကြောင်း | ၂၃ |


—o—

# မြင်းလက္ခဏာကျမ်း။

## နမောတဿ-ဘဂဝတော-အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ၁။ မြင်းဟူသော ဝေါဟာရပညတ်ကိုပြဆိုခြင်း အကြောင်း။

မြင်းဟူသော သတ္တဝါကို။ မာဂဓဘာသာနှင့်။ ဝေါဟာရ ပညတ်။ သမုတ်အပ်သော အမည်နာမ အဘိဓေယျသဒ္ဒါတို့ကား။ ဟယဟူ၍၎င်း။ တုရင်္ဂဟူ၍၎င်း။ တုရဂဟူ၍၎င်း။ ဝါဟဟူ၍၎င်း။ အဿဟူ၍၎င်း။ သိန္ဓဝဟူ၍၎င်း၊ ခြောက်ရသောအမည်ဖြင့် လာ၏၊ ထိုကြောင့်။ အဘိဓာန်ကျမ်းနှင့်၊ ။ဟယော တုရင်္ဂေါ တုရင်္ဂေါ။ ဝါဟော အဿော စ သိန္ဓဝေါ၊ ဟူ၍လာသည်၊ ထိုခြောက်ပါးသော အမည်တို့တွင်။ မြင်းတို့သည်။ ဟယ တွင်ကြောင်းကား။ ဟယဓါတ်သည်၊ ဂရဓါတ်နက်ဟောဖြစ်ရကား ဟယတိ ဂစ္ဆတိတိ ဟယောဟု။ ဝိဂြိုဟ်ပြုရာ၏။ ။ယောသတ္တော။ အကြင် သတ္တဝါသည်။ ဟယတိ ဂစ္ဆတိ။ သွားတတ်၏။ ဣတိတသ္မာ၊ ထို ကြောင့်။ သော သတ္တော။ ထိုသတ္တဝါသည် ဟယော နာမ၊ ဟယ မည်၏။ ။အရကား မြင်းဟူသော သတ္တဝါ ရ၏။

တုရင်္ဂေါ တွင်ကြောင်းကား။ ။တုရိတ တုရိတော ဂစ္ဆတိ တုရင်္ဂေါ ဟူ၍ ဝိဂြိုဟ်ပြုရာ၏၊ ။ယောသတ္တော။ အကြင် သတ္တဝါသည်။ တုရိတတုရိတော။ အဆောတလျင်လျှင်။ ဂစ္ဆတိ။ သွားတတ်၏။ ဣတိတသ္မာ။ ထိုသို့သွားတတ်သော သတ္တဝါ ကြောင့်။

တုရင်္ဂေါ်နာမ။တုရင်္ဂမည်၏၊ ။ရင်းမြင်းကိုရ၏။ ။တုရင်္ဂေါ
လည်း၊ရင်းပိတြိုဟ်နည်းတူပင်။

ဝဟာတိတိဝါဟော။ ။ယောသတ္တော။ အကြွင်သတ္တဝါ
သည်။ဝဟာတိ။ရွက်ဆောင်တတ်၏ဟုဆို၊ ။အသတိဘက္ခတီတိ
အဿော။ ။ယောသတ္တော။ အကြွင်သတ္တဝါသည်။ အသတိ
ဘက္ခတိ။စားတတ်၏ဆို။ ။သိန္ဓုမြို့ဇာတောသိန္ဓဝေါ။ ။ယော
သတ္တော။အကြွင်သတ္တဝါသည်။သိန္ဓုမြို့၊ သမုဒ္ဒြာ၏ အနားနိုက်။
ဇာတော။ဖြစ်တတ်၏ ဇာတိ၊ကြောင့်။သိန္ဓဝေါ။သိန္ဓဝမည်၏။ ။
ရင်းမြင်းကိုရ၏၊ ။

မြင်းဟူသောဝေါဟာရပုဒ်ကိုပြဆိုခြင်းအကြောင်းပြီး၏၊

## ၂။ ။မြင်းတို့၏အမျိုးဇာတ်ကိုပြဆိုခြင်းအကြောင်း။

မြန်မာလူမျိုးတို့မှာ။စားခြင်း သွားခြင်း။လျင်မြန်သည့်ဦးစွန်း
ရှိသတ္တဝါကို။ မြင်းဟူ၍ခေါ်သည်။ တရုပ်လူမျိုးတို့မှာ။မ-ဟူ၍
ခေါ်သည်၊တထိုင်းလူမျိုးတို့မှာ။ ခြယ်ဟူ၍ခေါ်သည်၊ ထိုသို့အ
ထူးထူးသောလူမျိုးတို့သည်၊ မိမိတို့ဘာသာအားဖြင့် အသီးအ
သီးခေါ်ဆိုကြသည်၊မြင်းတို့သည် သာမညအားဖြင့်တပါးသာ၊
အမျိုးအားဖြင့် ပြားသည်ကိုလိုက်၍ ဝိသေသ အားဖြင့် ခွဲသော်
ကား။ဆယ်ပါးရှိသည်။ဆယ်ပါ.ဟူသည်ကား။

သိန္ဓောမျိုးတပါး။

ဝေလာဟကမျိုးလည်းတပါး။

ကောင်းကင်ခွဲဟူသောအမျိုးလည်းတပါး။

တိမ်တိုက်ကွန့်မြူးဟူသောအမျိုးလည်းတပါး။

ရွှေစင်တူနှိုင်းဟူသောအမျိုးလည်းတပါး။

ဤငါးပါးသောမြင်းမျိုးတို့သည်၊သမုဒ္ဒရာ ကောင်းကင်
ပြင်။မြင်းမိုရ်တောင်ခြေ၊ အနဝတတ်အိုင်နား။ ပုပ္ပါးတောင်ခြေ
တို့၌ဖြစ်သောမြင်းမျိုးတို့သည်။မြင်းပျံတိမ်ညွန့်စားမျိုးဟူ၏။

လောမျိုးလည်းတပါး။
ဖွာမျိုးလည်းတပါး။
ပွေးမျိုးလည်းတပါး။
ပုစည်းမျိုးလည်းတပါး။
မည်းမျိုးလည်းတပါး။

ဤငါးပါးသောမြင်းမျိုးတို့သည်။လူတို့ပြည်တွင်ဖြစ်သော မြင်းမျိုးတည်း ဤ၂ရပ်ကိုပေါင်းလျှင်ဆယ်ပါးဖြစ်၏။။ဝါပလေး မျိုးဟူသောအမျိုးကွဲနှင့်သော်ကား။တဆယ်နှင့်တပါးဖြစ်၏။

မြင်းမျိုး-၁၀-ပါးတို့တွင်၊ သိန္ဓောမြင်း မျိုးကား။ အနီမန် ကျည်းစေ့-ခြေလေးဘက်မည်းသည်။ ။ဝေလာဟကမြင်းမျိုး ကား။ဗိုင်လျှော်အဖြူရောင်-ကျောရိုးမည်း၏။ ။ကောင်းကင် ခွဲဟူသောမြင်းမျိုးကား။ငယ်ဖြူခံမျိုးတည်း။ ။တိမ်တိုက်ကွန့်မြူး ဟူသော မြင်းမျိုးကား။ အနီကိုယ်မွေးဝတ်ပန်း။ခြေ လေးဘက် နှုတ်သီးအမြီးမှင်ဆံလည်ဆံဦးစွန်းအာစပ်။ဤဆယ်ပါးဖြူ၏။ ။ ရွှေစင်တုနှိုင်း ဟူသော မြင်းမျိုးကား။ အနက် စင်စင် ဗိတုန်း တောင်တည်း။ ။လောဟူသော မြင်းမျိုးကား။ မြုပန်းကျယ် သည်။ခြေလေးဘက်ကြီးသည်။မျက်လုံးငယ်သည်။ ။ဖွာမျိုး ဟူသော မြင်းမျိုးကား၊ သောင်းချည့်သည်။ ကျပ် သည်။ ဖွာ သည်၊ ။ပွေးမျိုးဟူသောမြင်းမျိုးကား။ ခြေတိုသည်။ နှုရောင် တိုသည်၊ကိုယ်ရှည်သည်။အမြီးရှည်သည်။ ။ပုစည်းမျိုးဟူ သောမြင်းမျိုးကား။ ခြေလေးဘက်ရှည်သည်။ အမြီးရှည်သည်၊ ကိုယ်တိုသည်၊လည်တိုသည်။ ။မည်းဟူသောမြင်းမျိုးကား။ နံ့ကိုင်းသည်။နားရွက်ကြီးသည်။ခြေလက်တိုသည် လည် ရှည် သည်။ကျောက်ကုန်းကိုင်းသည်။အသံကျယ်သည်။ ။အမျိုး ကွဲ ဝါပလေး ဟူသော မြင်းမျိုးကား။ မြီးဆံ မှင်ဆံများသည်။ ကျောကုန်းရိုးကိုင်းသည်။လည်သိုးသည်။သန်စွမ်းသည်။

မြင်းတို့၏အမျိုးဇာတ်ကိုပြဆိုခြင်းအကြောင်းပြီး၏။

## ၃။ မြင်းကောင်း၊မြင်းမြတ်တို့၏အပြားကို ပြဆိုခြင်းအကြောင်း။

အာဇာနည် မြင်းမနှင့်၊မည်းဖို သင့်မြတ်၍ ပေါက်ဖွါးသော မြင်းသည်။အဿတိုရ်ရမြင်းမည်၏။ထိုကြောင့်။ သဂါထာဝဂ္ဂ သံယုတ်အဋ္ဌကထာနှိုက်။ ။အဿတရေန္တိ ဂဒြဘဿ ဝဠဝါယ ဇာတိဟုဆိုသည်။ ။အဿတရန္တိ။အဿတိုရ်ရ မြင်းဟုသည်ကား။ ဂဒြဘဿ၊ မည်းဖိုကြောင့်။ ဝဠဝါယ။အာဇာနည် မြင်းမနှိုက်။ဇာတိ။ဖြစ်သောမြင်းမျိုးတည်း။ ။ဤကားအနက်။ ဓမ္မပဒအဋ္ဌကထာ။အင်္ဂုတ္တိုရ်အဋ္ဌကထာ၊သာရတ္ထ ဒီပနီဋီကာ စသည် တို့နှိုက်လည်း၊ အဿတရပုဒ်၏ အဖွင့်ကိုနည်းတူလာသည်။

ဝဠဝသာတိအဿဇာနိယဿ ဟူသောဂေါဇာနိယသိန္ဓဝဇာတ်အဋ္ဌကထာကိုထောက်၍ ဝဠဝသဒ္ဒါကို။ အာဇာနည်မြင်း မဟုတ်၍အနက်ရေးလိုက်သည်၊ ။ဤကား အဿတိုရ်မြင်း၏ အကြောင်းတည်း။

အဿတိုရ်ရမြင်းမနှင့်၊ပကတိမြင်းမျိုးသင့်မြတ်၍။ သန္ဓေ ရင့်မာရှိလျှင်၊ဖွါးခြင်းငှါ မဘတ်နိုင်ရကား၊ မြေနှိုက် ခြေလေး ဘက်ကိုရပ်လျက်တည်သောမြင်းမအား။လေးချသောသစ်ဒုတ် တို့ဖြင့်ဖွဲ့ချည်ပြီးလျှင်။ဝမ်းကိုခွဲ၍ယူရသောမြင်းငယ်ကို၊သေ၍ တိုရ်ရမြင်းဟုမှတ်ရမည်၊ ထိုအကြောင်းကိုရည်၍၊ အင်္ဂုတ္တိုရ် အဋ္ဌကထာ။သာရတ္ထဒီပနီဋီကာများနှိုက်။

တံအဿေန သဒ္ဓိံ သမ္ပယောဇေန္တိ သာဂဗ္ဘံ ဂဏှိတွာ ကာလေ သမ္ပတ္တေ ဝိဇာယိတုံ နသက္ကောတိ ပါဒေဟိ ဘူမိံ ပဟာရန္တိ တိဋ္ဌတိ အထသာ စတ္တာရော ပါဒေ စတူသု ခါဏုကေသု ဗန္ဓိတွာ ကုစ္ဆိံ ဖါလေတွာ ပေါတကံ နိဟရန္တိ သာ တတ္ထေဝ မရတိ။ တံ ထိုအဿတိုရ်ရ မြင်းမကို၊ အဿေန။ ပကတိမြင်းမျိုးနှင့်။ သဒ္ဓိံ။တကွ။ သမ္ပယောဇေန္တိ ယှဉ်စေကုန်၏၊ သာ။ထိုအဿ တိုရ်ရမြင်းမသည်။ဂဗ္ဘံ သန္ဓေကို။ ဂဏှိတွာ၊ယူ၍။ ကာလေ။

ရင့်သောအခါသည်။ သမ္ပတ္တော။ရောက်လတ်သော်။ ဝိဇာယဳတုံ။ ဖွါးအံ့သောငှါ။ နသက္ကောတိ။မတတ်နိုင်။ ပါဒေဟိ။ခြေတို့ဖြင့်။ ဘူမိံ။မြေကို။ပဟာရန္တော။ပုတ်ခတ်လျက်။တိဋ္ဌတိ။တည်၏။ အထ၊ ထိုအခါ၌။အဿာ။ ထိုအဿတိုရ်ရမြင်းမ၏။ ဝစ္ဆာရောပါဒေ။ ခြေလေးဘက်တို့ကို။ ဝတ္ထုသုခါ ဏာဇဝေသ။ သစ်ငုတ်လေးခုတို့နှိုက်။ဗန္ဓိတ္ဝာ။ဖွဲ့၍။ ကုစ္ဆိံ။ဝမ်းကို။ ဖါလေတွာ။ခွဲ၍။ ပေါတကံ။ သားငယ်ကို။နိဟာရန္တိ။ထုတ်ကုန်၏။သာ။ထိုအဿတိုရ်ရမြင်းမသည်။တတ္ထေဝ။ထိုအရပ်နှိုက်ပင်လျှင်။မရတိ။သေလေ၏ ဟူ၍ဆိုသည်။ ။သေဋ္ဌော။မြတ်သည်၊ဟုတ္ဝာ။ဖြစ်၍။အဿတရံ။ အဿတိုရ်ရမြင်းမျိုးကို။တရတိ။ကဲလွန်တတ်၏၊ ဣတိတသ္မာ။ ထိုကြောင့်။ သေဋ္ဌတရော။ သေဋ္ဌတိုရ်ရမည်၏။ ။ဤကား သေဋ္ဌတိုရ်ရမြင်း၏အကြောင်းတည်း။

လွန်စွာအကြောင်း ဟုတ်သည်- မဟုတ်သည်ကို သိတတ်သောမြင်းသည်။အာဇာနည်မြင်းမည်၏။ထိုကြောင့်။

အာဇာနိယောတိဟတ္ထိဝါဟောတုအဿောဝါသုအညတရော ဝါယောကာရဏာ ကာရဏံဇာနာတိ အယံအာဇာနိယော ဝ စတုပ္ပဒါနံသေဋ္ဌောတိအတ္ထော။ ။သံယုတ်အဋ္ဌကထာ။ ။အာဇာနိယောတိ။ အာဇာနည်ဟူသည်ကား။ ဟတ္ထိဝါ၊ဆင်သည်မူလည်း။ဟောတု။ဖြစ်စေ။အဿောဝါသု၊ မြင်းအစရှိသည်တို့တွင်။ အညတရောဝါ၊ တပါးပါး သည် မူလည်း။ ဟောတု။ ဖြစ်စေ။ ယော။အကြင်ဆင်မြင်းစသော သတ္တဝါသည်၊ ကာရဏာကာရဏံ၊အကြောင်းဟုတ်သည် မဟုတ်သည်ကို။ ဇာနာတိ၊သိတတ်၏၊အယံအာဇာနိယောဝ။ဤသို့သိတတ်သောအာဇာနည် သည် သာလျှင်။ စတုပ္ပဒါနံ။ခြေလေးချောင်းရှိသော သတ္တဝါတို့တွင်။ သေဋ္ဌော။မြတ်၏။ ဣတိအယံ၊ ဤသည်ကား။ အတ္ထော၊ အနက် တည်း။ ။ဤကားအနက်။

ကာရဏာကာရဏံအာဇာနာတိတိအာဇာနိယော။ ။သံယုတ်ဋီကာ။ ။ကာရဏာ ကာရဏံ။ အကြောင်း ဟုတ်သည်

မဟုတ် သည်ကို၊ အာဇာနာတိ။ လွန်စွာ သိတတ်၏။ ဇူတိ။ထို ကြောင့်။အာဇာနိယော။အာဇာနည်မည်၏။ ။ဤကားအနက်။ ၊ ယင်းအာဇာနည်မြင်း၏အင်္ဂါသုံးပါး။အင်္ဂါလေးပါး။ အင်္ဂါငါး ပါး။အင်္ဂါခြောက်ပါးများကိုလည်း တိက၊စတုက၊ ပဥ္စ၊ ဆက္က။ အင်္ဂုတ္တရနိပါတ်တို့နှိက်အသီးအသီးလာသည်ကို။ကျယ်လွန်း အံ့စိုး၍ မရေးလိုက်သည်။ ။ဤကား အာဇာနည်မြင်း၏ အ ကြောင်းတည်း။

ကိုယ်လုံးဖြူ၍ကျီးဥကျောင်းကဲ့သို့ညိုသောဥကျောင်းရှိသော ဖြူဆံမြက်နှင့်တူသော လည်ဆံရှိသောမြင်းသည်။ ဝလာဟက မြင်းမည်၏။ထိုကြောင့်။

တသ္မိံပန ကာလေ ဗောဓိသတ္တော ဝလာဟကဿ ယောနိ ယံနိဗ္ဗတ္တိ၊သဗ္ဗသေတော ကာကသီသော ရုဥ္ဇကေသော ဝေဟာ သံဂမော အဟောသိ။ ဟုဒုကနိပါတ် ဝလာဟကဇာတ်နှိက်ဆို သည်။ ။တသ္မိံပနကာလေ၊ထိုအခါ၌။ဗောဓိသတ္တော၊ ဘုရား လောင်းသည်၊ဝလာဟကဿ။ဝလာဟကမြင်း၏၊ ယောနိယံ၊ အမျိုးနှိက်၊နိဗ္ဗတ္တိ၊ဖြစ်၏။သဗ္ဗသေတော။ကိုယ်လုံးဖြူ၏၊ ကာက သီသော။ကျီးဥကျောင်းကဲ့သို့ ညိုသော ဥကျောင်းရှိ၏။ မုဥ္ဇကေ သော။ဖြူဆံမြက်နှင့်တူသော လည်ဆံလည်းရှိ၏၊ ဣဒ္ဓိမာ။တန် ခိုးလည်းကြီး၏။ ဝေဟာသံဂမော။ ကောင်းကင်သို့ ပျံသွားနိုင် သည်။အဟောသိ။ဖြစ်၏။ ။ဤကားအနက်။ ။ဤအဆင်း သဏ္ဍာန်ကား၊ဝလာဟကမြင်းမျိုး၏အဆင်းသဏ္ဍာန်ပင်တည်း။ မဟာသုဒဿနသုတ် အဋ္ဌကထာနှိက်ကား။ပြဆိုခဲ့ပြီးသော အ ဆင်းသဏ္ဍာန်တွင်။ ခြေလေးဘက် နှုတ်သီး-နီသည်ဟု အထူး ကိုဆိုသည်၊ ထိုမြင်းကို။ စကြာမင်းတို့သာ စီးမြင်း၍ ထိုက် သည်ဖြစ်၍။ဝိသေသမြင်းဟုမှတ်လေ၊ ။ထိုဝလာဟကမြင်း သည်။ဟိမဝန္တာတော စိတ္တကုဋ်တောင်၌ နေစမြဲဖြစ်ကြောင်း။ အဘောင်းတော် ဝလာဟက မြင်းသည်။ ဟိမဝန္တာတောနှိက် နေ၍။ သိဟိုဠ် ကျွန်းဝယ် သယံဇာတ သလေး စပါးကို စား

ကြောင်း။စကြာမင်း၏ဝလာဟကမြင်းရတနာသည်။နံနက်စာမှီ လေးကျွန်းလုံးကို ဖျည့်လည် နိုင်ကြောင်းကို။ လောကပညတ္တိကျမ်း၊ဆဂတိဒီပနီကျမ်း။ဒုကနိပါတ်ဝလာဟကဇာတ်။ မဟာသုဒဿနသုတ်တို့နိုက်ဆိုသည်။ ။ဤကား၊ဝလာဟကမြင်း၏ အကြောင်းတည်း။

အလွန်လျင်သော သွားခြင်းရှိသောမြင်းသည် သိန္ဓောမြင်း မည်ကြောင်း။ ကောင်းကင်တိမ်တိုက်မပျံ့မသွားမကျက်စားနိုင်ကြောင်းကို။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ။တိကနိပါတ်။ ကုဏ္ဍကကုစ္ဆိသိန္ဓဝဇာတ်တွင်ဆိုသည်။ ၊၎င်းသိန္ဓဝမြင်းကို၊လောကီမြင်းကြန်များတွင်၊ ကိုယ်မွေးမန်ကျည်းစေ့၊ ခြေလေးဘက်မည်းသည်ဟုဆိုသည်။ အမရပူရ ပဋ္ဌမမြို့တည်ဆဒ္ဒန်ဆင်မင်းသခင်မင်းတရားကြီးလက်ထက်။ တရုပ်တို့မေးချက်တွင်လည်း မြင်းမနှင့်နရားသင့်၍။မွေးမြင်လျှင်၊သိန္ဓောမြင်းခေါ်ကြောင်း။အရေကြွင်းကြေး၊ အမွေး ကြိုးကြာသလွှာန်ရှိကြောင်း၊ ရှေးဦးတည်မင်းလက်ထက်ကရဘူးကြောင်းနှင့် မေးချက်တွင် ထွက်ဆိုသည်။ ၊သမုဒ္ဒရာ၏အနီး၌ ဖြစ်သောကြောင့် သိန္ဓဝမည်သည်ဟူ၍လည်း၊ဓမ္မပဒအဋ္ဌကထာ။ အင်္ဂုတ္တရနိပါတ်အဋ္ဌကထာများတွင်ဆိုသည်၊ ထိုသိန္ဓုမြစ်၏ အနီးနိုက်ဖြစ်သော မြင်းတို့ကား။ အလုံးအရပ်ကြီးသည်။ ခွန်အားကြီးသည်။ အချိန်အသွားပေါပါးလျင်မြန်သည်။ယခုကာလမှာမူကား။အနေဒံဏ္ဍုမြို့ယတိုင်းတွင်။ထိုအရပ်ကိုပန်ဂျပ်ဟုခေါ်သည်၊ထိုပန် ဂျပ်မြို့တို့နိုက်ဖြစ်သောမြင်းတို့သည်ပြဆိုခဲ့ပြီးသောစွမ်းရည်ခွန်အားနှင့်ပြည့်စုံသည်။ ။ဤကားသိန္ဓောမြင်း၏အကြောင်းတည်း။

ဤသို့အဿာဇာနီယ်မြင်း၊သေဋ္ဌဇာနီယ်မြင်း၊အာဇာနည်မြင်း။ဝလာဟကမြင်း၊ သိန္ဓောမြင်းဟူ၍ကောင်းမွန်ထူးမြတ်သောမြင်းမျိုးအဝင်ပင် ဖြစ်လင့်ကစား ကောင်းမြတ်သောဗွေကြန် လက္ခဏာကိုလည်းကြည့်ရှုမှတ်သားအပ်သည်ဖြစ်၍နတ်ဖျားတာဖုံးစေ့စပ်စေ၊ မြုံပန်းမြင့်စေ။ ၄က်လည်းမသန်းစေနှင့်ဟူ၍ မြင်း

ကောင်းတို့၏လက္ခဏာကို၊ရွေးခြယ်ဝိစိစ်ရာသည်။ဤနိုက်၊ဌက် မသန်းဟူသည်၊ အစာပေါင်းကို စားသော သဏ္ဌာန်ပြန်၊ ရေ ပေါင်းကိုသောက်သောသဏ္ဌာန်ပြန်။အမြီးဝင်သောသဏ္ဌာန်ပြန် သုံးပါးအနက်၊ အမြီးဝင်သဏ္ဌာန်ပြန်မှာ။ အချိန်မရှိဝင်သည်ကို သာယူရမည်၊ နေ့ဝင်အချိန်က၊ သန်းခေါင်အတွင်း အမြီးဝင်မှု သဏ္ဌာန်ပြန်မဆိုရ ဌက်မသန်းဟူ၍ဆိုသည်။ ထိုကြောင့်ကတိုး ကူးတော်ရွာဒွါရကျော်ထင်ယောက်ဘ။ စကုမြို့ဇာတိ။ ကျမ်းဂန် တတ်မြောက်သော ရဟန်း လူထွက် မောင်နိုးဆို၊ သက္ကရာဇ် ၁၁၂၃-ခုစာပြီး ရွှေတိုးဂါမံ၌ မြင်းကြန်တွင်၊ ၊နေ့ဝင်မိုး ချုပ်စက။အချိန်သန်းခေါင်။ တိုင်လျှင်းအောင်လျှင်၊မြဲနှောင်ဝင် လတ်ကမူ။ သကုဏာဌက်များအပေါင်းတို့၊ အသိုက်သိမ်းလစ်။ ဝင်ချိန်ဖြစ်၍၊စင်စစ်ယွင်းမချို့လျှင်ကောင်းသည်မြို့ဆိုရ၏၊ အ ချိန်နှင့်ဝင်သည်မှာ။ မှန်စွာ ကောင်းသည် တည့်လေဟု စပ်ဆို လေသည်။

ဤစကားရပ်ဖြင့်၊ ယခင်ပြဆိုခဲ့ပြီးသော မြင်းကောင်းမြင်း မြတ်ဖြစ်လင့်ကစား၊အချိန်ရှိမရှိမဆိုအမြီးဝင်က၊သဏ္ဌာန်မြန်ဖြစ် သည်ဟုအမှတ်မူသဖြင့်။ ရှောင်ကြည်ကြသော သူတို့အား အ ကယ်၍အမြီးဝင်စေကာမူ။ဌက်မသန်းဖြစ်ကအပြစ်မရှိကောင်း မြတ်သောကြန်လက္ခဏာအဝင်ဖြစ်သည်မှတ်ယူရမည်။

အထက်ပြဆိုခဲ့ပြီးသောမြင်းမျိုးတို့လည်း၊ ဥဘတောသုဇာ တစသောအင်္ဂါရှစ်ပါးနှင့်၊ ပြည့်စုံလျှင်။ မြင်းကောင်းမြင်းမြတ် ပင်ဖြစ်ထိုက်သည်ချည်းဟုမှတ်လေ။ယင်းသို့ဖြစ်၍မြင်းကောင်း မြင်းမြတ်တို့၏အင်္ဂါရှစ်ပါး၊ ဇာတ်အားဖြင့်မြတ်သောမြင်းတို့၏ အခြင်းအရာ၊ မြင်းကောင်းမြင်းဆိုးတို့၏ အထူးအပြားများကို၊ အင်္ဂုတ္တရပါဠိတော်၊၎င်းအဋ္ဌကထာ၊အမရကောသအဘိဓါန်၊ အဿကြန်ကျမ်း၊ အရပ်ရပ်မြင်းကြန်တို့၌ လာသည်အတိုင်း၊ အကျဉ်းအမြွက်မျှထုတ်နှုတ် ရေးသားထိုက်အံ့။

အင်္ဂုတ္တရပါဠိတော် မဟာဝဂ်။ တတိယ သုတ်နိုက် လာ

သောမြင်းကောင်းမြင်းမြတ်တို့ အင်္ဂါ လက္ခဏာ ရှစ်ပါးတည်း။
ရှစ်ပါးဟူသည်ကား။ ။

၁။ ။အမိအဘနှစ်ပါးရုံ အာဇာနည်ဝေလာဟက။ စသော မြင်းကောင်း မြင်းမြတ် မျိုးမှန်သဖြင့်။ ဥဘတော သုဇာတဖြစ် သည်လည်းတပါး။

၂။ ။သိန္ဓဝဇနပုဒ် ဟူသော မြင်းကောင်း မြင်းမြတ်တို့၏ ဖြစ်ရာအရပ်၌ဖြစ်သဖြင့်။ဘူမိသုဇာတဖြစ်သည်လည်းတပါး။

၃။ ။အစာမရွေး ကျွေးသမျှပေးသမျှကိုစားခြင်း သုဘရ တာဖြစ်သည်လည်းတပါး။

၄။ ။မစင်ဘင်ပုပ် စက်ဆုတ် ရွံရှာတတ်သောသဘောရှိ သည်လည်းတပါး။

၅။ ။မွေ့မွေ့လျော်လျော်ပျော်ပျော်ပါးပါးသွားလာတတ် သည်ဖြစ်၍၊ တပါးကုန်သော မြင်းတို့ကို မနှိပ်စက် မလွှမ်းမိုး တတ်သည်လည်းတပါး။

၆။ ။မိမိအရှင် သုံးမရာ နာယူသဖြင့် ကောက်ကျစ်စဉ်း လဲခြင်းစသည်မှကင်းသည်လည်းတပါး။

၇။ ။အတွက် အကပ်မရှိ ဝန်ကိုဆောင်ယူ၍ ခရီးဖြောင့် ဖြောင့်သွားတတ်သည်လည်းတပါး။

၈။ ။အသက်ဆုံးသည်တိုင်အောင် ခွန်အားမလျော့သည် လည်းတပါး။

ဤကား မြင်းကောင်းမြင်းမြတ်တို့၏ အင်္ဂါလက္ခဏာရှစ်ပါး တည်း။ မြင်းကောင်း မြင်းမြတ်တို့သည်။ သိန္ဓုမြစ်နားဝယ်ဖြစ် ကြောင်းကို အဋ္ဌကထာ ဋီကာ၌လာရာ အဋ္ဌကထာနှိုက်ဆိုသည်။ ထိုစကားကို ယေဘုယျနည်းအားဖြင့်ရင်း။ဥပလက္ခဏာ နည်းအားဖြင့်ရင်းဆို သည်ဟုမှတ်ရမည်။အသတ်ရှိမြင်းတို့ကား တရုံတခုအမှတ်မ ရှိအရပ်နှိုက်ပင်ဖြစ်ကုန်၏၊ ထိုသိန္ဓုအရပ်၌ဖြစ်ကုန်သော မြင်း တို့မှပေါက်ဖွားကုန်သောမြင်းတို့လည်းမြတ်သည်ပင်။သို့သော် လည်းလွန်သော လက္ခဏာကို ပြတော်မူထို၍ မြင်းကောင်းမြင်း

မြတ်တို့၏အင်္ဂါလက္ခဏာရှစ်ပါးတို့တွင်၊ဆိန္ဓုအရပ်၌ဖြစ်သည် ကိုအင်္ဂါလက္ခဏာအဖြစ်ဖြင့်ပြောတော်မူသည်။

တကြောင်းလည်း။မြင်းကောင်းမြင်းမြတ်တို့တွင်။အကြောင်း ဟုတ်မဟုတ်ကို သိတတ်သောမြင်းသည် အာဇာနည်မြင်းမည် ကုန်၏၊ စစ်မြေနိုက်လက်နက်ဖြင့် ပုတ်ခတ်လျက်လည်း။အရှင် ကိုမစွန့်ကောင်းစွာဆောင်တတ်သောမြင်းသည်ဝိနိတမြင်းမည် ကုန်၏၊ပါရာသိအရပ်၌ဖြစ်ကုန်သောမြင်းသည်ဝါနာယုဇမြင်း မည်ကုန်၏၊ကမ္ဗောဇတိုင်း၌ဖြစ်ကုန်သောမြင်းသည်ဝါဟနိက မြင်းမည်ကုန်၏။ ယဇ်ပူဇော်သောမြင်းသည် အဇွမေဓိယမြင်း မည်ကုန်၏။ လျင်ခြင်း လွန်သော မြင်းသည် ဇဝဏာမြင်းမည် ကုန်၏။ ထိုကြောင့်။အမရကောသအဘိဓါန်ကျမ်းတွင်။ ။ကု လိနာ။ အမျိုးမြတ်သောမြင်းတို့သည်။ အာဇာနေယျား၊ အာဇာ နည်မည်ကုန်သည်။သျှုး၏။ အာဇာနေယျား၊ အကြောင်းအရာ ဟုတ်မဟုတ်ကို သိတတ်သောမြင်း။ သာရဝါဟိန။စစ်မြေနိုက် လက်နက်ဖြင့် ပုတ်ခတ်လျက်လည်းအရှင်ကိုမစွန့် ကောင်းစွာ ဆောင်တတ်သောမြင်းတို့သည်၊ဝိနိတား။ဝိနိတမည်ကုန်သည်၊ သျှုး။၏၊ဝိနိတား။ ယဉ်ကျေးသောမြင်း။ ပါရာသိကား၊ပါရာသိ အရပ်နိုက်ဖြစ်သောမြင်းတို့သည်။ဝါနာယုဇာ၊ ဝါနာယုဇမည် ကုန်သည်။သျှုး။၏၊ဝါနာယုဇာ၊ပါရာသိအရပ်၌ဖြစ်သောမြင်း။ ကမ္ဗောဇ၊ကမ္ဗောဇတိုင်း၌ဖြစ်ကုန်သော၊ဟယား၊မြင်းတို့သည်၊ ဝါဟနိကာ။ ဝါဟနိကမည်ကုန်သည်။ သျှုး၊၏။ ဝါဟနိကာ၊ ကမ္ဗောဇတိုင်းနိုက်ဖြစ်သောမြင်း။ယဇုရဇွေါ၊ ယဇ်ပူဇော်သော မြင်းသည်၊ အဇွမေဓိယော၊အဇွမေဓိယမည်သည်။ သျှာတ်။၏။ အဇွမေဓိယော၊ယဇ်ပူဇော်သောမြင်း။တဍ။ ထိုမှတပါးကား၊ ဇ ဝါဓိက။ လျင်ခြင်းလွန်သော မြင်းသည်၊ ဇဝဏာ၊ ဇဝဏာမည် သည်၊သျှာတ်၊၏၊ဇဝဏာ၊အလွန်လျင်သောမြင်း၊၊ ဟူ၍။ မြင်းအ ထူးပရိယာယ်တွင်ဆိုသည်။ ။မြင်းကောင်းမြင်းမြတ်တို့၏ အပြားကိုပြဆိုခြင်းအကြောင်းပြီး၏။

## ၄။ ။မြင်းဆိုးမြင်းယုတ်တို့၏အင်္ဂါလက္ခဏာများကို ပြဆိုခြင်းအကြောင်း။

မြင်းဆိုးမြင်းယုတ်တို့၏အင်္ဂါလက္ခဏာကား၊ စီးသောအခါ ကုန်းခါသည်၊ နောက်ပစ်ထိုးသည်။ ဖီလာသွားသည်၊ သွားကို ဖြည်း၍ပြေးသည်၊ လည်ကိုကို့သည်။ လူးလည်းသည်၊ ငုံ့လျှိုး သည်၊တိမ်းယိမ်း၍ပြေးသည်။စောင်း၍ပြေးသည်။ ပတတ်ရပ် သည်။ စီးသူကိုပြန်၍ကိုက်သည်၊ ဥကြောင်းကို မြှောက်သည်။ ကန်သည်၊ကျောက်သည်၊ပေါက်သည်၊အိပ်သောအခါရှူသည်၊ ညည်းသည်၊ သွားကျိတ်သည်၊ ကြိုးကိုဝါးတတ်သည်။ ။ဤ ကား အရပ်ရပ်မြင်းကြန်များတွင် လာသောမြင်းဆိုးမြင်းယုတ် တို့၏လက္ခဏာတည်း၊

အဒ္ဓဂ်ုဏ္ဏရပါဠိတော်မဟာဝဂ်၊စတုတ္ထသုတ်၌။ဟောတော်မူ အပ်သောမြင်းဆိုးမြင်းယုတ်တို့၏ အင်္ဂါလက္ခဏာရှစ်ပါးကား။ ရှေ့သို့နှင်သော်နောက်သို့ဆုတ်သည်၊ ရထားကျောက်ကုန်းဖြင့် နောက်သို့ ရွေ့စေတတ်သည်လည်းတပါး။ ရှေ့သို့နှင်သော်ချန် သွားသည်၊ ဝင်းစွယ်ကို ချိုးတတ်သည်၊ လုံတန်ကို ချိုးတတ် သည်လည်းတပါး၊ ရှေ့သို့နှင်သော် ရထားဝင်းစွယ်ကိုခြေနှစ် ဘက်ဖြင့်နင်းချိုးတတ်သည်လည်းတပါး။ခရီးမဟုတ်ရာသို့သွား တတ်သည်လည်းတပါး၊ ရှေ့သို့နှင်သော်ပတတ်ရပ်တတ်သည် လည်းတပါး။ ရှေ့သို့နှင်သော်နှင်တံဆက်ကြိုးတို့ကိုကိုက်ဖြတ် ၍ ထွက်ပြေးသည်လည်းတပါး၊ ရှေ့သို့နှင်သော် ရှေ့သို့မတိုး နောက်မဆုတ်မြဲမြံစွာချပ်၍နေတတ်သည်လည်းတပါး၊ ရှေ့သို့ နှင်သော် ခြေကိုသာတွပ်၍ နေတတ်သည်လည်း တပါး၊ ဤရှစ် ပါးတည်း၊

မြင်းဆိုးမြင်းယုတ်တို့၏အင်္ဂါလက္ခဏာများကို ပြဆိုခြင်းအကြောင်းပြီး၏။

## ၅။ ။အမွေး၏အပြားကိုပြဆိုခြင်းအကြောင်း။

အမွေးတို့၏အပြားကား၊ဖေါင်းဝတ်မွေးဆယ်စီး၊ပိုင်လျှော် မွေးဆယ်စီး၊ခုနှစ်ခွံမွေး ဆယ်စီး၊ ဤသုံးပါးကို ပေါင်းသော်၊ သုံးဆယ်တည်း။ ။အညို-အဖြူ-အပြောက်- အပြာ-အမွဲ-အ ခြောက်၊ ။ဤအမွေးခြောက်ပါးသည် အမွေးပေါက်လျှင်၊ ရ သင့်သည့်ချည်း ဖြစ်သောကြောင့်၊ ဖေါင်းဝတ်ခြောက်စီး၊ ပိုင် လျှော်ခြောက်စီး၊ခုနှစ်ခွံခြောက်စီး။ဤခြောက်စီးရှိ၏၊ ။ဖေါင်း ဝတ်မွေး ခြောက်စီးကား၊ ဖေါင်းဝတ်ညို၊ ဖေါင်းဝတ်ဖြူ၊ ဖေါင်း ဝတ်ပြောက်၊ဖေါင်းဝတ်ပြာ၊ ဖေါင်းဝတ်မွဲ၊ ဖေါင်းဝတ်ခြောက်၊ ဤခြောက်စီးတည်း။ ။ပိုင်လျှော်မွေးခြောက်စီးကား၊ ပိုင်လျှော် ညို၊ပိုင်လျှော်ဖြူ၊ ပိုင်လျှော်ပြောက်၊ပိုင်လျှော်ပြာ၊ ပိုင်လျှော်မွဲ၊ ပိုင်လျှော်ခြောက်၊ဤခြောက်စီးတည်း။ ။ခုနှစ်ခွံမွေး ခြောက်စီး ကား၊ခုနှစ်ခွံညို၊ခုနှစ်ခွံဖြူ၊ခုနှစ်ခွံပြောက်၊ခုနှစ်ခွံပြာ၊ ခုနှစ်ခွံ မွဲ၊ခုနှစ်ခွံခြောက်၊ဤခြောက်စီးတည်း။ ။ဤသို့မှတ်ပြီးလျှင်၊ဖေါင်း ဝတ်မွေးခြောက်စီးတွင်၊သမင်ဝမ်း၊ဖေါင်းဝတ်နီ၊ သင်းခွေ၊ဘယ လင်း၊ ဤလေးစီးကိုလောင်းသော်၊ဖေါင်းဝတ်ဆယ်စီးဖြစ်၏။ ပိုင်လျှော်မွေးခြောက်စီးတွင်၊ပိုင်လျှော်ဝါ၊ ပိုင်လျှော်ဝတ်ပန်း၊ ပိုင်လျှော်နီ၊ပိုင်လျှော်တုတ်ကျယ်၊ဤလေးစီးကို လောင်းသော်၊ ပိုင်လျှော်မွေးဆယ်စီးဖြစ်၏။ ။ခုနှစ်ခွံမွေးခြောက်စီးတွင်၊ ခုနှစ်ခွံ ရွှေ၊ခုနှစ်ခွံဝါ၊ခုနှစ်ခွံကြိုးကြာ၊ခုနှစ်ခွံနက်၊ဤလေးစီး ကိုလောင်းသော်၊ခုနှစ်ခွံမွေးဆယ်စီးဖြစ်၏။ ။ဆယ်စီးသုံးသီ ကိုပေါင်းသော်၊သုံးဆယ်ဖြစ်၏။

အမွေး၏အပြားကိုပြဆိုခြင်းအကြောင်းပြီး၏၊

---

## ၆၊ ။အမွေးကြီးငါးပါးကို ပြဆိုခြင်းအကြောင်း။

ခပ်သိမ်းကုန်သောမြင်းတို့နှိုက်၊သိခက်လှသော-အမွေးကြီး ကား၊ ငါးပါးတည်း။ ငါးပါးဟူသော်ကား၊ ပဌမ အမွေးကြီး၊

ဒုတိယအမွေးကြီး။တတိယအမွေးကြီး။ စတုတ္ထအမွေးကြီး။ပဉ္စမအမွေးကြီး။ ဟူ၍ ငါးပါးတည်း။ ထိုငါးပါးတို့တွင်။ ပဌမအမွေးကြီးကား။နှလုံးနှင့်အဆုတ်ကြားတွင်ပင်တည်၏။ ဒုတိယအမွေးကြီးကား။အဆုတ်နှင့် အသည်းကြားတွင်တည်၏။ တတိယအမွေး ကြီးကား။ အသည်းနှင့် အဆုတ် ကြားတွင် တည်၏။ စတုတ္ထအမွေးကြီးကား။ၛင်းအသည်းနှင့် အဆုတ်ကြားတွင်ပင်တည်၏။ပဉ္စမအမွေးကြီးကား။နှလုံးနှင့်အဆုတ်ကြားတွင်တည်၏။ထိုသို့တည်ငြားသော်လည်း၊အပဉ္စမတည်။အတွင်းသဏ္ဌာန်နှက်တည်သဖြင့် အလွန်လျှင် သိနိုင်ခဲ၏။ မိုးခိုးကိုမြင်လျှင်။ ဤတွင်မီးရှိ၏ဟု သိရသကဲ့သို့။အကျိုးကိုမြင်လျှင်၊ အကြောင်းကို ပညာနှင့် ဆင်ခြင်၍ သိရာသည် အကြောင်းကား။ ပဌမအမွေးကြီးကိုစီးသောအခါသိရာသည်။ ဒုတိယအမွေးကြီးကို။ အစားကျွေးသောအခါသိရာသည်၊တတိယအမွေးကြီးကို။ အိပ်သောအခါသိရာသည်၊စတုတ္ထအမွေးကြီးကို။ချည်တိုင်ကလွတ်သောအခါသိရာသည်၊ပဉ္စမအမွေးကြီးကို၊ဆက်ခွံ့သောအခါ သိရာသည်၊ ။ဤသို့အမွေးကြီး ငါးဌာနကို။ကာလငါးပါးဖြင့် မှတ်သိရာ၏။ ၊

ပဌမအမွေးကို။စီးသောအခါ သိရဟန်ကား။ မြင်းစီးအရာလိမ်မာသောသူသည်၊စီးနင်းလျှက် ဗိုလ်ာတစောင်း သွားခြင်း။ ကုန်းခါခြင်း၊ငုံ့လျှိုး၍သွားခြင်းစသည်ကိုပြုသဖြင့်၊ ပဌမအမွေးကိုသိရာ၏၊ ဒုတိယအမွေးကို အစာကျွေးသောအခါ သိရဟန်ကား။မိမိစားခွက်ကိုပေါက်ကန်ယက်သည်ကိုၛင်း၊မျှုံအန်ထွေးတတ်သည်ကိုၛင်းမြင်သဖြင့်၊ ဒုတိယအမွေးကို သိရာ၏။တတိယအမွေးကို အိပ်သောအခါ သိရဟန်ကား။ လူးလည်း ခြင်း။ ဟောက်ဟက်ခြင်း၊သွားကျိတ်ခြင်း စသည်ကိုပြုသဖြင့် တတိယအမွေးကိုသိရာသည်။စတုတ္ထအမွေးကိုလွတ်သောအခါ သိရဟန်ကား။အိပ်ရာနေရာချည်တိုင်မှန်းမသိသဖြင့်၊စတုတ္ထအမွေးကိုလွတ်သောအခါသိရာ၏။ပဉ္စမအမွေးကို ဆက်ခွံ့သောအခါ

သိရဟာန်ကား။ တဖြတ်ဖြတ်ဝါးတတ်သည်ကိုမြင်သဖြင့်။ ပဋ္ဌမအမွေးကိုသိရာ၏ဟူ၍။အရပ်ရပ်မြင်းကြန်များတွင်ဆိုသည်။

---

## (၇) အမွေးဖွဲ့ကိုပြဆိုခြင်းအကြောင်း။

မြင်းတို့၏ဖွဲ့သည်။ အမွေးဖွဲ့။ အသားဖွဲ့။ အရိုးဖွဲ့ ဟူ၍ ရှိသည်အနက်။အမွေးဖွဲ့မှာ-၄၅-ပါးရှိသတည်း။
ထို-၄၅-ပါးကား။

(၁)နှုတ်တံဆိတ်။(၂)မုတ်ဆိတ်၊(၃)ဆက်ခွံ့။(၄)စားခွက်နှိပ် (၅) ဆည်းလည်းဝတ်။ (၆)မှန်။ (၇)မျက်ရည်ခံ။ (၈)ဖွဲ့တံပို့။ (၉)ပါးတီး။ (၁၀)လိပ်စရို။ (၁၁)လိပ်ခေါင်း။ (၁၂)ဖွဲ့တံကျင်။ (၁၃) ပတ္တမြားချံလောက်။ (၁၄)ပန်းချပ်။ (၁၅) လက်ဖွဲ့ဆိုင်။ (၁၆)နားစောင့်။ (၁၇)ငိုသံနာ။ (၁၈)ငိုသံကြား။ (၁၉) ဖွဲ့ဘန်ဆောင်။ (၂၀) ကြားဆုတ်။ (၂၁)သံလျက်။ (၂၂) သံလျက်ခံ။ (၂၃)မှော်တိုရိုင်။ (၂၄)သစ်ခေါင်းရူး။ (၂၅)ရင်ဝသုံးတန့်ကြား။ (၂၆) အတွင်းလက်ဖွဲ့။ (၂၇)ပြင်လက်ဖွဲ့။ (၂၈)မျက်ရည်သုတ်။ (၂၉) ထိပ်ကျည်းနက်။ (၃၀)အာမခံ။(၃၁)ကာဦး။ (၃၂)ထီးရိုးစိုက်။ (၃၃)ကညောင်း။(၃၄)မြီးဖြန်းချွတ်။ (၃၅)ဆောင်းဖွဲ့ရစ်။ (၃၆)ချွေးခံ။(၃၇)ညွှန်ကျွံ။(၃၈)သပွတ်ခံ။ (၃၉)ဖွဲ့ရု။(၄၀) ခရုပတ်။ (၄၁)အတွင်းသိုအိမ်ခရုပတ်။ (၄၂)သိုခတ်။(၄၃)သင်ပြူးခင်း။(၄၄)နင်းတက်။(၄၅)နင်းသက်ဖွဲ့ဖြစ်သတည်း။ ။

ဖွဲ့တို့၏တည်ရာဌာနမှာ။ ။အကြင်မြင်းတို့အား။၁-အထက်နှုတ်ခမ်းပျားတွင်ရှိမူ၊ နှုတ်တံဆိပ်တည်း။ ၂-အောက်နှုတ်ခမ်းပျားတွင်ရှိမူ၊ မုဆိတ်တည်း။ ၃-အာစပ်တွင်ရှိမူ၊ ဆက်ခွံ့တည်း။ ၄-အောက်မေးပေါက်နှစ်ဖက်တွင်ရှိမူကား၊စားခွက်နှိပ်တည်း။ ၅-ရေမြိုလည်ချောင်းအောက်တွင်ရှိမူ၊ဆည်းလည်းဝတ်တည်း။ ၆-မျက်

လုံးနှစ်ဖက်ကြားတွင်ရှိမူ၊မှန်ဖွေတည်း၊၇-ယင်းမှန်လျှော၍တည်မူ၊ မျက်ရည်ခံကြီးတည်း။ မှန်အောက်က အခြားနှစ်လုံးရင်း တလုံးရင်း ရှိလျှင်လည်း၊မျက်ရည်ခံကြီးပင်တည်း။ ၈-မှန်အထက်နှစ်လုံး သုံးလုံးရှိမူ၊ဖွေဘံစို့ဘည်း။ ၉-ပါးတွင်ရှိမူ၊ပါးတီးတည်း။ ၁၀-ထိပ်ဆံအောက်တွင်ရှိမူ၊ လိပ်စရိုတည်း။ ၁၁-ယင်းတွင် အသား ရန့်ရန့်ထွက်မူ။ လိပ်ခေါင်းတည်း။ ၁၂-သုံးလုံးကန့်လန့်ရှိမူ၊ ဖွေဘံကျင်တည်း။ ၁၃ မှန်နှင့်ဖြစ်စေ။ လိပ်စရိုနှင့်ဖြစ်စေ၊ သုံးလုံးချံလောက်ဆိုင်ရှိမူ၊ ပတ္တမြားချံလောက်တည်း။ ၁၄-ထိပ်ဆံရင်း တွင်။ တဖက်တလုံးရှိမူ၊ပန်းချပ်တည်း။၁၅- ထိပ်ဆံအောက် လိပ်စရိုနှင့်တကွ နှစ်လုံးပြိုင်လျက်ရှိမူ၊လက်ဖွေ့ဆိုင်တည်း။၁၆-နားယံနားတွင်ရှိမူ။ နားစောင့်တည်း။ ၁၇ - နားတွင်းနောက် အရင်းရှိမူ။ ငိုသံနာတည်း။ ၁၈-နား၏အောက်တွင်ရှိမူ၊ငိုသံကြားတည်း။၁၉ -နားဖျားတွင်ရှိမူ ဖွေဘနဲဆောင် တည်း။ ၂၀-လည်ကုတ်အောက် လည်ချိုင့်တွင်ရှိမူ။ ကျားဆုတ်တည်း။ ၂၁-မှင်ရိုးလည်ရိပ်တွင်ရှိမူ။သန်လျက်တည်း၊ ၂၂ ထိုသံလျက်အောက်တွင်ရှိမူ၊သန်လျက်ခံတည်း၊ ၂၃-သန်လျက်နောက် တထွာခြားတွင်ရှိမူ။ မှောက်တိုရိပ်တည်း။ ၂၄-ရင်ငွေတွင်ရှိမူ၊သစ်ရောင်းရူးတည်း။၂၅ သစ်ရောင်းရူး၏အောက်ရင်တွင် ကင်းသန်းအရောင်ကဲ့သို့ သုံးလုံးရှိမူ၊ ရင်ဝ သုံးတန့်ကြားတည်း။ ၂၆-ရှေ့လက်အတွင်းကရှိမူ။အတွင်းလက်ဖွဲ့တည်း။ ၂၇-ပြင်ကရှိမူ ပြင်လက်ဖွဲ့တည်း။ ၂၈-လက်ဆစ်အောက်၌၊ အတွင်းပြင်ရှိမူ၊မျက်ရည်သုတ်တည်း။ ၂၉-မျက်ရည်သုတ်အောက် ခွါသီးပေါ်အထက်တွင်ရှိမူ။ထိပ်ကျည်းနက်တည်း။ ၃၀-လက်ပြင်ရိုးတဘက်တချက်တွင်ရှိမူ။ အာမခံဖွေတည်း။ ၃၁-မှင်ဆံအဆုံးတွင်ရှိမူ၊ကဦးတည်း။ ၃၂-၎င်းကဦးနောက် ကျောက်ကုန်းအလယ်တွင်ရှိမူ၊ထီးရိုးစိုက်တည်း။ ၃၃ ထီးရိုးစိုက်၏ နောက်တထွာခြားတွင်ရှိမူ၊ ကညောင်းတည်း။ ၃၄-ကညောင်း၏ နောက်တင်ခုံတွင် ရှိမူ၊ မြီးဖြန်းချွတ်တည်း။ ၃၅ -မြီးဖြန်းချွတ်နောက်အမြီးရင်းတွင်။အမွေးနေသံသို့၊ကောက်ရရောက်ဖြ့်နှံမူ၊ဆောင်းဖွေချစ်ဖွေဘည်း။သည်အ

ရာတွင်ပင် ဖွေကိုရှိလျှင်လည်း ငင်းဆောင်းဖွေရစ်ပင်တည်း။ ၃၆- ဖရုံဆွဲတင်သားဖြိုးတွင်ရှိမူ၊ ခွေးဆွဲတည်း၊ ၃၇-သည် အောက်ကကောက်တလျှောက်တွင်ရှိမူ။ညွှန်ကျွံတည်း၊ ၃၈-နံ ပါးပေါင်စပ်တဘက် တချက်တွင်ရှိမူ။သပွတ်ဆွဲတည်း။ ၃၉- ထိုနေရာတွင်ပင်ရလျက်လေးခု။ငါးခု။ခြောက်ခု။ခုနစ်ခု။ရှစ်ခု၊ကိုး ခု၊ ဆယ်ခု-ရှိမူ၊ ဖွေရတည်း။ ၄၀-ထိုတွင်ပင် ဝန်းလျက်။ အ ကျယ်အကျဉ်းရှိမူ။ ခရုပတ်တည်း။ချွန်လျက်ရှိလျှင်လည်း။ ခရု ပတ်ပင်ယူရမည်။၄၁-သိုအိမ်အနားအရံရှိမူ။ အတွင်း သိုခတ် တည်း။ ၄၂- သိုခရုပတ် ဝမ်းကြောအလယ်တွင်ရှိမူ၊ သိုခတ် တည်း။၄၃-သိုခတ်ရွှေက။လက်ကတီးအောက်ရှိမူ၊ဖွေသင်ပျူး ခင်းတည်း၊ ၄၄-နံဘေးနင်းတက်ရာတွင်ရှိမူ၊ နင်းတက်တည်း၊ ၄၅- သက်ရာကရှိမူ။ နင်းသက်တည်း။ ဤသို့အားဖြင့် ပေါင်း သော်လေးဆဲ့ငါးပါးတည်း။ ထိုလေးဆဲ့ငါးပါးသော ဖွေတို့ကို မှာနကိုစွဲ၍ထည်းကောင်း။ မှာနိကိုစွဲ၍လည်းကောင်း။ အကျဉ်း အားဖြင့်ပြသော်လည်းအကျယ်သိရာ၏။

ယင်း-၄၅-ပါးသောဖွေတို့တွင်။ စားခွက်နှိပ်။ မှော်တိုရိပ်။ ဖွေတံကျင်။ ဖွေ တံစို့။ ဆက်ခွံ့။ ပါးတီး။ ခွေးဆွဲ၊ ညွှန်ကျွံ၊ ဆောင်ဖွေရစ်။သိုခတ်၊မြီးဖြန်းချွတ်။ ကျားဆုပ်။လက်ဖွေ့ ဆိုင်။ ထိပ်ကျည်းနက်၊ မျက်ရည်သုတ်၊ မဆိတ်၊ သင်ပျူးခင်း။ကဦး။ ကညောင်း၊ပေါင်းတဆဲ့ ကိုးပါးသော ဖွေတို့သည် မကောင်း။ ကြွင်းသောနှစ်ဆယ်နှင့် ခြောက်ပါးသောဖွေတို့သည်-ကောင်း ကုန်၏ဟူ၍။အရပ်ရပ်မြင်းကြန်များတွင်၊လာရှိသတည်း၊

အမွေးဖွေကိုပြဆိုခြင်းအကြောင်းပြီး၏၊

---

## ဂ။ ။အသားဖွေကိုပြဆိုခြင်းအကြောင်း။

အသားဖွေဟူသည်ကား။နှုတ်ခမ်းထူပါးမညီသည်၊နှုတ်ခမ်း ဖြဲ့သည် ရုံ့သည်၊ပြတ်သည်။နှုတ်ခမ်းတွဲသည်။ နှုတ်ခမ်းထော်

သည်။ချွန်းသည်။အဝန်းမညီ။နှာခေါင်းတွင်းတဘက်ကျဉ်းကျယ်။ မျက်ခုန်း၊ မျက်လုံး၊ တဘက်ကြီးငယ်။ နားရွက်တဘက်တိုရှည်ရှိသည်။ စီးသောအခါ ငုံ့သည်။ လက်ဝဲလက်ျာ လည်ကို စောင်း၍ ပြေးသည်။ပတတ်ရစ်သည်။စီးသူကိုပြန်၍ကိုက်သည်။ခေါင်းမြှော်သည်။ကန်ကျောက်သည်။ ပေါက်သည်။ဆောင့်ချောင့်ထိုင်သည်။ ဂျွမ်းထိုးသည်။ လန့်ဖြတ်သည်။ အိပ်သောအခါ ရှူသည်။ ညည်းသည်။သွားကြိတ်သည်။ကြိုးကိုဝါးတတ်သည်။အသားရနံ့ အသားစွန့်ရှိသည်။ ဤကားမြင်းဆိုး၏လက္ခဏာတို့တည်း။

အသားဇွဲပြီး၏။

၉။ ။အရိုးဇွဲကိုပြဆိုခြင်းအကြောင်း။

အရိုးဇွဲဟူသည်ကား။ သွားကျိုးသည်။ သွားဆတ်သည်။သွားကြွေသည်။သွားပူးသွားကြပ်။သွားထပ်ရှိသည်။အရွယ်ရောက်လျက်။ အစွယ်မပေါက်။စွယ်လုံးတိုရှည်ကြီးငယ်ရှိသည်။ အစွယ်တဘက်ပေါက်လျက်၊ တဘက်မပေါက်ရှိသည်။ နှာယောင်ကောက်သည်။ နှာယောင်ကုန်းသည်။ တိုသည်။ နဖူးနိမ့်မြင့် ကျဉ်းကျယ်ရှိသည်။ ကျောက်ကုန်း လည်တိုင်စောင်းသည်။ တင်ကောက်သည်။ အမြီးစောင်းသည်။ ခွါကွဲအက်သည်။ခွါကြီးငယ်ရှိသည်။ အရိုးကန်နက်သဲရှိသည်။ခြေလက်ကြီးငယ် တိုရှည် နိမ့်မြင့်ရှိသည်။အဆစ်အမြစ်ကြီးငယ်ရှိသည်။ဤကား။မြင်းဆိုး၏လက္ခဏာတို့တည်း။ ။အရိုးကန်နက်သဲဆိုသည်မှာ။ ရှေ့ခွါနှစ်လုံးဖြူ၍။ နောက်ခွါတလုံးသာဖြူခြင်း။ နောက်ခွါနှစ်လုံးဖြူ၍။ရှေ့ခွါတလုံးသာဖြူခြင်း။ခွါ ၃ လုံးနက်၍တလုံးဖြူခြင်းများကိုဆိုသည်။အရေကန်နက်သဲမှာ။ခြေလက်-၃-ချောင်းဖြူ၍ တချောင်း နက်သည်ကို ဆိုသည်။ ရှေ့လက်နှစ်ချောင်း ဖြူ၍၊ နောက်ခြေနှစ်ချောင်းနက်လျှင်။ခြေချင်းခတ်မည်၏။

အရိုးဇွဲပြီး၏။

## ၁၀။ ။အထွေးထွေဖွဲ့နှင့်စပ်၍။ပြဆိုခြင်းအကြောင်း။

ထိုမှတပါးအမွေးဖွဲ့တို့ကို။ သန္ဓေဖွဲ့ဆယ်ပါး။သို့မဟုတ်ဖွဲ့ကျော်ဆယ်လုံး၊သို့မဟုတ်ရှိုးဖွဲ့ဆယ်လုံး၊ခံမျိုးသုံးပါး၊စပ်မျိုးငါးပါး။သူကောင်တင်သုံးပါး။လင်းတသိုက်သုံးပါးဟူ၍ခွဲခြားပြသည်၊

သန္ဓေဖွဲ့ဆယ်ပါးကား။ ။နွတ်တံဆိပ်-၁။ မှန်-၁။နဘးစောင့်၂။ဆည်းလည်းဝတ်-၁။ ရင်ဝသုံးတန့်ကြား- ၃။ သပွတ်ဆွဲ-၂။ပေါင်-၁၀။

ခံမျိုးသုံးပါးကား။ ။၁-ကိုယ်မွေးဖြူစင်သျက်။ စပ်ငါပါးနှင့်ယှဉ်မူခံပွန်း။ ၂-ကိုယ်မွေးနီးစင်လျက်။ စပ်ငါးပါးနှင့်ယှဉ်မူခံယွန်း။ ၃-ကိုယ်မွေးနက်စင်လျက်။တပြောင်ပြောင် တဘိတ်ဘိတ်ထွက်၍။ စပ်ငါးပါးနှင့် ယှဉ်မူခံမှည့်။ ဤကား ခံမျိုး သုံးပါးတည်း။ အကောင်းဟူ၏။

စပ်မျိုးငါးပါးကား။ ။၁-မျက်ခန်းနီသည်။မျက်ခန်းစပ်သည်။ ၂-အာ၊လျှာ၊ နှာခေါင်းနီသည်၊ ၃-ခွါဟင်ပြတားကဲ့သို့ နီသည်။ ၄-သိုအိမ်သိုပတ်။ ကျီးအာသီးမှည့်ကဲ့သို့ နီသည်၊ ၅-ခွါငုံ။ကွမ်းသွေးကဲ့သို့နီသည်၊ဤကားစပ်မျိုးငါပါးတည်း။အကောင်းဟူ၏။

သူကောင်တင်သုံးပါးကား။ ။၁-မှင်ဆံအဆုံးကကို။နောက်ကညောင်းတိုင်အောင်။ လျှောက်၍ဖြူသည်၊ ၂-ကုန်းနှီးဘင်သကဲ့သို့ဖြူသည်။ ၃-ကျောက်ကုန်းတလျှောက် လုံးတွင်။မြွေကဲ့သို့အရစ်အရစ်ဖြစ်၍။ ဝန်တင်ခုံးခက်သကဲ့သို့ဖြူသည်။ ဤကားသူကောင်တင်သုံးပါးတည်း။ဤဖွဲ့တို့ကားမကောင်း။

လင်းတသိုက်သုံးပါးကား။ ။၁-ဖွဲ့သင်ဖြူးခင်း ပါရှိသည်၊ ၂-သူကောင်တင်ပါရှိသည်။ ၃-စွန်သိုက်ပါရှိသည်။ ပေါင်း ၃-ပါးတည်း။ ဤဖွဲ့တို့ကားမကောင်း။ ။စွန်သိုက်ဟူသည်ကား။အမြီးပြားသည်။အမြီးခွက်သည်ကို။စွန်သိုက်ဟုခေါ်သည်။

၁၁။ ။ဖွေ့ဟုခေါ်ခြင်းအကြောင်း။

၄၅-ပါးဖွေ့ရှိရာဌါနများတွင်။ ခရုပတ်ကဲ့သို့။အမွေးလှည့်၍ပါမှဖွေ့ခေါ်သည်မဟုတ်။ထိုဌါနများမှာ။ အဖြူ၊အမည်း၊အနီ၊အမွဲ။အရွှေ၊အဝါ၊ တခုခုစွန်းလာငှေ့ဝံလာလျှင်။ အမွေးဖွေ့ပင်ခေါ်ရသည်။ ဖွေ့နေရာတွင်အမာရွတ်ရှိလျှင်။အသားဖွေ့ခေါ်ရသည်။

—o—

၁၂။ ။အထူးဖြစ်သောဖွေ့တို့ကိုပြဆိုခြင်းအကြောင်း။

မြင်းတို့၌နားစောင့်ဖွေ့မရှိမူ။ ပြာပုံတွင်အိပ်သောခွေးနှင့်တူ၏။ ဆည်းလည်းဝတ်ဖွေ့တပွင့်လုံးဖြူမူ။ အောက်ကြာဟုခေါ်၏။တပွင့်ကြာလည့်ခေါ်၏။ ရင်ဝသုံးတန့်ကြားဖွေ့ကိုလည်း တပွင့်ကြာဟုခေါ်၏။ဖွေ့တရာ၊ကြာတလုံးဟု ရှေးသူဟောင်းတို့ဆိုရိုးစကားအရ။ အရာမကသော ဖွေ့တို့တွင်။ ထင်ပေါ်ကောင်းမြတ်သော ဖွေ့များဖြစ်ကြ၏။ ဖွေ့တန်ဆောင်မူကား။ စီးသူကျော်ဟိုးဘုန်းတန်ခိုးကြီးရာ၏။ ပတ္တမြားရုံသောက်။ လက်ဖွဲ့ဖွေ့။ ဖွေ့ရ။ ထီးရိုးပိုက်ဖွေ့တို့မှာ။ အလွန်ကောင်းမွန်သဖြင့်။ ဆင်းရဲသားနှင့်မထိုက်မတန်။မင်းသူဌေးရဟန်းပုဏ္ဏားတို့နှင့်သာထိုက်တန်ရာသည်။သံလျက်ဖွေ့ရှေ့သို့သွားမူ။ သူရဲကောင်းတို့စီးရာ၏။ နောက်သို့ပြန်မူမစီးရာ။ သစ်ရောင်းရူး ဖွေ့နှင့် ပန်းချပ် ဖွေ့တို့မှာ။ စီးသူကို အပြစ်မကပ်၍။ မထောင်းတာ၊အာမခံဖွေ့ပါလျှင်လည်းကောင်းလှပေ၏။

—o—

၁၃။ ။အထူးဖြစ်သောလက္ခဏာတို့ကို
ပြဆိုခြင်းအကြောင်း။

မြင်းမဖြစ်လျက်။ အစွယ်ပေါက်မူ။ မြင်းဘီလူးခေါ်၏။မြင်းထီးဖြစ်လျက်။အစွယ်မပေါက်မူ။မြင်းဟိုင်းခေါ်၏။ ဤကဲ့သို့သောမြင်းတို့ကို။မမွေးမြူအပ်။ထိုမြင်းမှတပါး။မျက်စိတဘက်ပျက်သောမြင်း။နှစ်ဘက်ပျက်သောမြင်း။အင်္ဂါချို့ငဲ့သော မြင်းတို့ကိုလည်းမမွေးမြူအပ်။စွန့်ပယ်ရှောင်ကြဉ်အပ်ကုန်၏။

—o—

## ၁၄။ ။မြင်းကောင်း၏လက္ခဏာများကိုပြဆိုခြင်း အကြောင်း။

၁-ရင်ဝကျယ်သည်၊
၂-အမြီးသွယ်သည်။
၃-လည်ဦးကောက်၍ နောက်နိမ့်သည်။
၄-ကတင်၌အသားထူသည်။
၅-အမွေးအမှင်ချောမောပြေပြစ်သည်။
၆-အမွေးအမှင် မထွေးမရှက်ရှင်းလင်းသည်။
၇-ကျောက်ကုန်းရိုးဖြောင့်သည်။
၈-နံကိုင်းသည်။
၉-နံတင်ကုန်းကျယ်သည်။
၁၀-မျှော်ပန်းမြင့်သည်ဖြစ်၍။ နောက်က ကြည့်သည်ရှိသော်။ ရှေ့ကိုယ်ကိုမမြင်။
၁၁-မျက်မြင်အားဖြင့်ကြီး၍။စီးသည်ကာလငယ်သည်။
၁၂-ခွါလေးဘက် အမြင်အားဖြင့် ထူ၍။ ကိုင်ငင် ကြည့်သည်ရှိသော်-ပါးသည်။
၁၃-ခွါတို့သည်။ခွေးဖလားကို မှောက်၍ထားဘိသကဲ့သို့။ မောက်မောက်စွင့်စွင့်အလွန်တင့်တယ်သည်။
၁၄-ရှေ့ခွါတို့သည် ဝန်း၍။နောက်ခွါတို့သည် ချွန်းကုန်သည်။
၁၅-အမြီးသည်။ ပိုးချည်မြှင်ကို မထွေးမရှုပ်စေခြင်းငှါ။ ဖီးဖျင်၍ ထားဘိသကဲ့သို့၊ကျော့ရှင်းတင့်တယ်သည်။
၁၆-မြီးရိုးမြီးခေါင်းသွယ်သည်။
၁၇-နားရွက်ငယ်သည်။
၁၈-လည်ရင်းကြီး၍၊လည်ဖျားငယ်သည်။
၁၉-ဝမ်းကြောများသည်။
၂၀-သိုမွေးနှင့် ရင်မွေးတစင်တည်းရှိသည်။
၂၁-နှာယောင်ဖြောင့်ဖြောင့်တန်းတန်းရှိသည်။
၂၂-ပါးရိုးကြေးကွေးကဲ့သို့ဝန်းသည်။

၂၃-နဖူးပြင်ကျယ်သည်။
၂၄-နှာခေါင်းတွင်းကျယ်သည်။
၂၅-သိုအိမ် သိုပတ်ကျယ်သည်။
၂၆-အထက်နှုတ်ခမ်း၊အောက်နှုတ်ခမ်းတို့သည်။မ ရွဲ့ မစောင်း။တိုင်း ၍ဖြတ်ဘိသကဲ့သို့။တညီတည်း အတိအကျရှိသည်။
၂၇-နားရွက်တို့သည်။ ကြူရိုးကို ထားကောင်းနှင့် တဘက်စောင်း ချွန်ထားဘိသကဲ့သို့ချွန်းသည်။
၂၈-မျက်လုံးတို့သည်။ကြွက်ဂယ်လောင်း၏ မျက်လုံးကဲ့သို့ ပြူးပြူး ရွဲ ရွဲရှိသည်။
၂၉-ခေါင်းသည်။ယုန်ကောင်၏ဥကျောင်းကိုအရေဆုတ်ခွါ၍ထား ဘိသကဲ့သို့ရှိသည်။
၃၀-နောက်ပေါင်သည်။တရုတ်စောင်းကဲ့သို့ ကွေးကောက်သည်။
၃၁-ရှေ့လက်တို့သည်။ အောက်ကျဉ်း၍ အထက်၌ ကပ်ဖြိုးလျှင်။ ဖြောင့်ဖြောင့်စင်းစင်း ဝန်းဝန်းကွင်းကွင်းရှိသည်။
၃၂-ဦးစွန်း၊အမြီး၊မှင်ဆံ၊ လည်ဆံတို့သည်။ မထွေးမရှုပ်။ သေ သေသပ်သပ် ညီညီညွတ်ညွတ် ရှိ၍။ သိမ်မွေ့ သေးမွှင် များ ပြားထူထပ်သည်။
၃၃-ချည်တိုင်တွင် ကြိုးဖြင့်ချည်ထားသည်ရှိသော်။ ချည်တိုင်ကို လှည့်လည်ပတ်ရံလျက်။ကျောင်ကြီးစွန့်သည်။
၃၄-လည်တိုင် ကိုယ်ပြင် အမွေးကောင်းခြင်း-၃-ပါးနှင့် ပြည့်စုံ သည်။
၃၅-ခွါတွင်း ဆက်ရိုး နားထင်။အနက်-၃-ပါးနှင့်ပြည့်စုံသည်။
၃၆-ရှေ့ခွါ မျက်လုံး နှာ။အဝန်း-၃-ပါးနှင့်ပြည့်စုံသည်။
၃၇-နောက်ခွါ။နား။ရင်။အချွန်း ၃-ပါးနှင့်ပြည့်စုံသည်။
၃၈-ခုင်ရိုး နားရွက် လက်ဖြန်။အငယ်-၃-ပါးနှင့်ပြည့်စုံသည်။
၃၉-မျက်လုံး ဥကျောင်း နှာ။အကြီး-၃-ပါးနှင့်ပြည့်စုံသည်။
၄၀-နှာ တင် ရင်ဝ။အကျယ်-၃-ပါးနှင့်ပြည့်စုံသည်။
၄၁-လည် လက်ကွေး ထိပ်။အမြင့်-၃-ပါးနှင့်ပြည့်စုံသည်။

၄၂-အိပ်သောအခါ။မတ်တတ်ဖြစ်စေ။စင်း၍ဖြစ်စေ။ငြိမ်သက်စွာ အိပ်သည်။
၄၃-မစင်ဘင်ပုတ်ကိုစက်ဆုတ် ရွံရှာတတ်သည်။
၄၄-ဓောင်း စား‌ခွက် ချည်တိုင် အိပ်ရာနေရာကိုသိသည်။
၄၅-ဆက်ခွံ့သောအခါ။တဖျတ်ဖျတ်မကိုက်မဝါးမူ၍။ငြိမ်သက် စွာရှိသည်။
၄၆-အကြောက်အ‌ရွံ့ အလန့်အဖျပ်မရှိ။ ရဲစွမ်းသတ္တိနှင့် ပြည့်စုံ သည်။
၄၇-အရှင်ကိုချစ်ခင်လေးမြတ်သည်။
၄၈-စီးသည့်အခါ။ အကောက်အကျစ်အခိုအကပ်မရှိ။ အရှင်အ လိုကိုသိ၍။ ရွှင်ရွှင်ပျပျ မွေ့မွေ့လျော်လျော်ပျော်ပျော်ပါးပါး စီးလိုရာခရီးသို့။ဖြောင့်တန်းစွာသွားသည်။

ဤဆိုအပ်ခဲ့ပြီးသည်ကား။ မြင်းကောင်းမြင်းမြတ်၏ လက္ခဏာ များတည်း။

——o——

၁၅။ ။ရွှေတိုးဂါမံ။မြင်းကြွန်ကျမ်းရင်းနှင့်။အသာကြန္တမြင်းကျမ်း အထွက်။မြင်းတို့၏အသက်ကို၊ပြဆိုခြင်းအကြောင်း။

အသက်သုံးနှစ်သားအစွယ်ဘူး၏။ ငါးနှစ်အစွယ်ပေါ်၏။ ၆-နှစ် အစွယ်ဖြူးဖြူးထွက်၏။ ၇-နှစ် အစွယ်ပေါ်တွင် အရွေ စွန်းလာ၏။ ၈-နှစ်ခေါင်ကျ၏။ ၉-နှစ်ကျပွန်း အစွယ် ရောက်၏။ ၁၀-နှစ် အ လယ်သွားထိပ်တွင်။အမည်းစွန်း၏။ ၁၈-နှစ်အမည်းပြေ၍။ အရွေ စွန်း၏။ ၂၀-အစွန်းသွား၏ ထိပ်ဖျား တဘက်တချက်တွင်။ မည်း မည်းစွန်း၏။၃၀-အစွယ်နှစ်ချောင်းထိပ်မှာ။ အလွှားအလွှားကွာ၍ ကျ၏။၃၈-နှစ်အလယ်သွားထိပ်က။ သွားထပ်ကွာကျ၏။၄၀-အ စွယ်ထိပ်တွင်ချွန်ပြန်၏။ ၄၈-နှစ်အလည်သွားနဲ့၏။ အံနှစ်ချောင်း ကျိုး၏။ ၅၀-အသက်တမ်းကုန်၏။ မြင်းအသက် ၅၀-တမ်း။ ဆင်အ သက်-၁၀၀-တမ်းဟူ၏။

——o——

၁၆။ ။အသသဒိုပနီ၏မြင်းကျမ်းအတွက်။မြင်းတို့၏အသက်ကိုပြဆိုခြင်းအကြောင်း။

မြင်းသည်။အသက်ဆယ်လရှိလျှင်။ သွား-၁၆-ချောင်းပေါက်၏။ကြီးအောင်အမွေး-၃-ခါလဲရ၏။ ၂ နှစ် ၆ လရှိသော်။ ခေါင်-၂ ချောင်းပိုက်၏။ ၃-နှစ်ရှိသော်-၄-ချောင်း ပိုက်၏။ ၄-နှစ်ရှိသော် ခေါင်ရံချွဲချွန်းကျန်၏။ ၅-နှစ်ရှိသော်ပွင့်၏။ သွားစည်၏။ အစွယ် ပေါက်၏။ ခြောက်နှစ် ရှိသောအခါ ချွန်းသွား လဲ၍ ဆောက်ချန်း သဏ္ဍာန်ရှိသောသွားသည်။ဆောက်လုံးသဏ္ဍာန်ဖြစ်လာ၏။၇-နှစ် ရှိသော်။ ရေကာန်တည့်သည်။ အဝါဖြစ်စေ။ အရွှေဖြစ်စေ စွန်း၏။ ၈-နှစ်၊၉-နှစ်၊၁၀-နှစ်တွင်တဖြည်းဖြည်းအမည်းစွန်းလာ၏။ ၂၀-တိုင်လျှင်အစွန်းသွား၏။ တဘက်တချက်မှာစွန်း၍ မဲသဲထင်လာ၏။ လုံးပြီးလျှင်တို၍လာ၏။၃၀-ရှိလျှင်၊အစွယ်-၂-ချောင်းထိပ်မှာ အသွာလိုက်ကွာ၏။၃၈ နှစ်မှာ၊အလယ်သွားထိပ်အထပ်ကွာကျ၏။ ၄၀-ပြည့်လျှင်အစွယ်တဖန်ချွန်ပြန်၏။ ၄၈-နှစ်မှာ၊အလယ်သွား နဲ့၍။အံ-၂-ချောင်းကျိုး၏။၅၀-တွင်အသက်ဆုံး၏။

—— o ——

၁၇။ ။ရဝိဇနာဟလိဒ္ဒသသပဟူသောဂါထာအရ၊နေ့နံအလိုက်စီးအပ်သောမြင်းကိုပြဆိုခြင်းအကြောင်း။

တနင်္ဂနွေသား။မြင်းရွှေကိုစီးရာ၏။တနင်းလာသား။မြင်းဖြူကိုစီးရာ၏။အင်္ဂါသား။မြင်းနက်။ ဗုဒ္ဓဟူးသား။ မြင်းဖြူမြင်းရွှေ။ကြာသပတေးစနေ။မြင်းနီမြင်းနက်။သောကြာသား။အရုန်းခွန်တို့ကိုစီးရာ၏။

—— o ——

၁၈။ ။ဖြူဖြူဆွတ်ဆွတ်။မြင်းဖေါင်းဝတ်။သင့်မြတ်ဘယ်နေ့သားတို့နည်းဟူသော။အမေးပုစ္ဆာအရ။စွယ်စုံကျော်ထင်ကျမ်း၌ပါလာသော။အဖြေဝိသဇ္ဇနာလင်္ကာကို။ပြဆိုခြင်းအကြောင်း။

ကျော်စောဝဏ်းဝေ။ တက်သစ် နေသို့။ ဓွတ်လေလူများ။ အမျိုးသားတို့။ဦးဖျားစထွေ။ တနင်္ဂနွေသား။ မြတ်ယောကျ်ားကား။မြင်း

လားယဉ်ကြီး။ မွေးရွှေစီးက။ အပြီးသုခ။ ချမ်းသာရလိမ့်။ စန္ဒဒိဝါ။ တနင်းလာကား။သဉ်သာပြုဆွဘ်။ ပေါင်းဝတ်စီးမြောက်။ချမ်းသာ ရောက်လိမ့်။ထိုနောက်တခြား။ အင်္ဂါသားမူ။ မကြားမကွက်။မွေး နက်မှန်လှ။စီးတို့ရမူ။ မြင်ကြသူတို့။လွန်နှစ်လို၏။ ထိုမြို့တထူး။ဗုဒ္ဓ ဟူးတိုံ။ ရုံပူးနှစ်တွေ့။ မွေးရွှေ မွေးဖြူ။ စီးမူ အလျောက်။ ချမ်းသာ မြောက်ရှင့်။ထိုနောက်ကြာသပတေး။ တွေးတွေးနီစင်။ မနက်လျှင် လည်း။ မြီးမှင် မည်းစေ။ စီးတုံ ပေက။ လွန်ချမ်း မြလိမ့်။ ထိုမှ သောကြာ။နေ့သားမှာကား။ ချမ်းသာကြီးလို။ အနုန်းခွန်ညိုကို။ မှိုင် ကြည့်ရှု။စီးနင်းပြုလော့။မနုမင်းဆွေ။ရက်စနေကား။ ဝါရွှေနီကျန်။ အလွန်တွတ်တွတ်။ စီးတို့လတ်က။ မပြတ်ရန်ငြိမ်။ စည်းစိမ်ချမ်း သာ။ကြီးကျယ်ရာသည်။ ။စည်လာမှတ်ဘိ ရှေးထုံးဘည်း။

မြင်းလက္ခဏာကျမ်းဤတွင်ပြီး၏။

pdf creator -Wanna Soe

# အင်္ဂလိပ်ဘာသာလမ်းပြ

# လက်စွဲစာအုပ်

ကို။တတိယအကြိမ်ထပ်မံပုံနှိပ်လုပ်ဆောင်ပြီးစီးကြောင်း။

-----o-----

ပညာဝန်ထောက်မင်း-ဦးမောင်ကလေးသည်။ မြန်မာလူကြီး လူငယ်-လူရွယ်-လူလတ်တို့ အတွက်။ အင်္ဂလိပ်ဘာသာ စာရေး စာဖတ်စကားပြောဆိုခြင်းများ၌။ဆရာမရှိဘဲ။ မိမိအလိုအလျောက် စာအုပ်ကိုဆရာတင်၍။လေ့လာသင်ကြားနားလည် တတ်မြောက် စေခြင်း အကျိုးငှါ။ အေ။ ဘီ။ စီ အက္ခရာကစ၍။ သံနေ သံထား အဓိပ္ပါယ်သွား သဒ္ဒါနည်းများနှင့်တကွ။ အလုံးစုံ ထည့်သွင်းဘော် ပြလျက်။ ဤအင်္ဂလိပ်ဘာသာ လမ်းပြလက်စွဲ စာကို။ အထက်က ၂-ကြိမ်တိုင်။ပုံနှိပ်လုပ်ဆောင်ရာ။ဝယ်ယူအသုံးပြုသူတို့။ကောင်း စွာအကျိုးခံစားကြရသည့်အတိုင်း။ ကျွန်ုပ်တို့ထံ။ ထပ်ခါထပ်ခါ မှာထားသော်လည်း။လွန်ခဲ့သည့်တနှစ်လောက်ကပင်။ ထိုစာအုပ် ကုန်စင်ရှိသဖြင့်။မှာထားသူတို့ထံ။မပေးမပို့နိုင်ဖြစ်ပါသည်။သို့ရာ တွင်။ တိုးချဲ့ပြင်ဆင် ထပ်ဖြည့်ပြီးလျှင်။ တတိယအကြိမ် ထပ်မံပုံ နှိပ်လုပ်ဆောင်ရာ။ယခုအခါ ပြီးစီးရှိပါသောကြောင့်။မန္တလေးမြို့။ မြန်မာသမားတော်တို့ဆေးတိုက်ကြီးတွင်။စာတအုပ်လျှင်-၃-ကျပ် နှင့်။ မှာထားရရှိနိုင်ပါသည်။ ဤစာအုပ်ကို။ မြန်မာစာ ဖတ်တတ် သူခပ်သိမ်းများပင်။ကြည့်ရှုနားလည်နိုင်အောင်။အလွယ်ဆုံးနည်းနှင့် စီရင်ရေးသားထားပါသည်။ယခုခေတ်အခါ။ အင်္ဂလိပ်စာကို မသိ ထားဘိ၊ အင်္ဂလိပ်စကားတတ်မြောက်လျှင်ပင်။ ရောင်းရေးဝယ်မှု။ မီးရထား။ မီးသင်္ဘော။စာတိုက်၊ကြေးနန်းအတွက်။ ဆက်ဆံမှုတို့၌။ လွန်စွာအသုံးဝင်သဖြင့်၊မိန်းမသောကျားမဆို။ဤစာအုပ်ကို လေ့ လာသင်ကြားတတ်မြောက်သည့်အခါ။ ပညာရတနာဟု ဆိုအပ် သော၊ အဘိုးမဖြတ်နိုင်သည့် အကျိုးထူးကို၊ အသက် ရှည်သမျှ ကာလပတ်လုံး။သုံးဆောင်ခံစားရပါလိမ့်မည်။